# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ

# တတိယအစည်းအဝေး

# ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)

၁၆.၇.၂၀၁၈

နေပြည်တော်
(MICC-II)

# ပြည်ထောင်စုသဘောတူစာချုပ်

## အစိတ်အပိုင်း(၂)

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအား နေပြည်တော်၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၁) မှ (၁၆) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)က အဆိုပြုတင်သွင်းလာသော အခြေခံမူ အဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့် ကျင်းပပြုလုပ်ပြီး ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် သဘောတူ လက်မှတ်ရေးထိုးသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့်ရရှိလာမည့် သဘောတူညီချက် အစိတ်အပိုင်းအားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် လက်မှတ်ရေးထိုးကြမည် ဖြစ်ပါသည်။

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)မှာ-

(က) နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၄) ချက်၊

(ခ) စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၁) ချက်၊

(ဂ) လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၇) ချက်၊

(ဃ) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူသဘောတူညီချက် (၂) ချက်၊ စုစုပေါင်း (၁၄)ချက်ဖြစ်ပြီး နောက်ဆက်တွဲ-(က)(ခ)(ဂ)(ဃ)ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀ ( င) အရ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် ဤပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

၁။ ဒေါက်တာတင်မျိုးဝင်း
အစိုးရအစုအဖွဲ့ကိုယ်စားလှယ်

၂။ ဦးအောင်စိုး
လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်

၃။ ဗိုလ်ချုပ်စန်းမြင့်
တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်

၄။ ဒေါက်တာလျန်မှုန်းဆာခေါင်း
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့ကိုယ်စားလှယ်

၅။ ဦးသုဝေ
နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်

# အသိသက်သေများ

(ဦးထွန်းဇော်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

16th July 18
(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

16.7.2018
(နန်းစေအွာ)
တိုင်းရင်းသားကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဦးလှကျော်အောင်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(နန်းခမ်းအုံ)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

2018
(တာမြင့်ကျော်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

နောက်ဆက်တွဲ(က)

# နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်

## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

ကျား/မဆိုင်ရာ တန်းတူညီမျှမှု

၁။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ ကျား/မဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေရေးနှင့် တန်းတူညီမျှမှု ရှိစေရေးအတွက် မူဝါဒ ချမှတ်ရမည်။

၂။ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး(၃၀)ရာခိုင်နှုန်း ပါဝင်ရေးကို အားပေးရန်။

၃။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကျား/မရေးရာ အခြေပြုအကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်။

၄။ ကျား/မဆိုင်ရာတန်းတူညီမျှမှုကို အထောက်အကူပြုစေရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရမည်။

# စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်

## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ အများပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေး အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို ရေးဆွဲချမှတ် ဖော်ဆောင်ခွင့်ရှိရမည်။ ထိုသို့ ရေးဆွဲရာတွင် ပြည်ထောင်စု စီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးမူဝါဒနှင့်စီမံကိန်းများကို သဟဇာတ ဖြစ်စေရေးနှင့် ဆက်စပ်သော အခြားတိုင်းဒေသကြီး/ပြည်နယ်များ၏ အကျိုးစီးပွားကို ထိခိုက်မှု မရှိစေရေး ထည့်သွင်းစဉ်းစားရန်။

နောက်ဆက်တွဲ(ဂ)

# လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်

## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

၁။ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းနှင့် အကောင်အထည်ဖော်မှု အဆင့်တိုင်းတွင် အမျိုးသမီးများ အနည်းဆုံး (၃၀) ရာခိုင်နှုန်း ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။

၂။ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော အားလုံးအကျုံးဝင် ပညာရေးစနစ် ဖော်ဆောင်ရန်။

၃။ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) စနစ်ကို ဖော်ဆောင်ရန်။

၄။ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ အပါအဝင် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

၅။ လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် လူမှုသဟဇာတ (Social Cohesion) သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်။

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အလွဲသုံးမှုဆိုင်ရာ အန္တရာယ် လျှော့ချရေး (Harm Reduction)၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထိရောက်သော မူဝါဒများ ချမှတ်ဆောင်ရွက်ရန်။

၇။ ကလေးသူငယ် အခွင့်အရေးရရှိရန်နှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို လေးစားလိုက်နာရေးနှင့် ကလေးသူငယ်များအတွက် ကြီးလေးသော ချိုးဖောက်မှု (၆) ချက် (Six Grave Violations) ပပျောက်ရေးကို ဦးတည်၍ စီမံချက် ချမှတ် ဆောင်ရွက်ရန်။

## မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူ သဘောတူညီချက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

**အကာအကွယ်ပြုရေးဆိုင်ရာအစီအမံများ**

၁။ နိုင်ငံအတွင်းရှိ မြေယာများကို နိုင်ငံသားများသာ ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားသားနှင့် တရားမဝင်နေထိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခွင့်မရှိစေရ။

၂။ မြေယာကိုအသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုး ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ကြိုတင်ပြုလုပ်ရမည်။


ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ
တတိယအစည်းအဝေး
၁၆.၇.၂၀၁၈
နေပြည်တော်

## 14 points signed as Part II of Union Accord

14 points approved by the Third Session of the Union Peace Conference-21st Century Panglong were signed as a Part II of the Union Accord. Following are the 14 points, and signatures of the leaders of the respective groups and witnesses.

Union Accord Part II

1. Aiming toward non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty, based on freedom, equality and justice and in accordance with the Panglong spirit, the Third Session of the Union Peace Conference-21st Century Panglong was held in Nay Pyi Taw from 11 to 16 July 2018 to establish a Union based on democracy and federal system that assures democracy, national equality and self-determination rights, founded according to the outcomes of the political discussions.
2. At this conference, sector-wise and group-wise meetings were conducted in stages on policy proposals submitted by Union Peace Dialogue Joint Committee (UPDJC) and the proposals obtained were agreed as Part II of the Union Accord.
3. The Part II of the Union Accord signed at this conference and all other agreed sections obtained at the subsequent conferences will be compiled and signed as Union Accord.
4. The Union Accord Part II signed in this conference are –

(a) Four agreements in political sector basic principle

(b) One agreement in economic sector basic principle

(c) Seven agreements in social sector basic principle

(d) Two agreements in land & environment sector basic principle totaling fourteen which are shown in addenda (a), (b), (c) and (d).

5. The above agreements are signed by heads of each group at the Third Session of the Union Peace Conference-21st Century Panglong and witnessed as Union Accord Part II, according to Nationwide Ceasefire Agreement Section 20 (e).

Addendum (a)

Political sector basic principle agreement

(16 July 2018) Gender equality

1. In establishing a Union based on democracy and federal system, no citizen of the Republic of the Union of Myanmar must be treated differently based on gender difference and policy must be established for equality.
2. A minimum of 30 percent involvement of women in each sector is to be encouraged.
3. In establishing a Union based on democracy and federal system, the Republic of the Union of Myanmar is to establish and implement policies that prevent gender-based violence.
4. Increase the capability of women to support gender equality.

Addendum (b)

Economic sector basic principle agreement

(16 July 2018)

Region/State governments have the right to draw up and implement economic projects that benefit the people. In drawing up the projects, it is to be in accord with the Union economic development policies and projects, and consideration must be made toward not adversely affect the adjacent states and regions.

Addendum (c)

Social sector basic principle agreement

(16 July 2018)

1. In the decision-making stages of conducting resettlement, redevelopment and social development matters, attempts must be made towards having women participation of at least 30 per cent.
2. Establish an education system that is accessible by all and is all-inclusive.
3. Establish a universal health coverage system that is accessible by all and is all-inclusive.
4. Enact laws that provide rights of the handicapped persons, children, elders, expecting mothers.
5. To widely consider and include the concept of social cohesion in conducting social development matters.
6. Establish and conduct effective policies against harm reduction, treatment and reintegration of drugs and psychotropic substances usage.
7. Set up and conduct programs to ensure children's rights, abide by the United Nations Convention on the Rights of the Child for all-round development of children and eliminate Six Grave Violations against children.

Addendum (d)

Land and environment sector basic principle agreement

(16 July 2018)

Preventive arrangements

1. Only citizens can own land in the country, and foreigners and illegal settlers must not own it directly or indirectly.
2. In conducting and implementing land-use project work, assessments must be made not to damage the natural environment, not to have social effect, not to have health effect and to conduct coordination work with the local people.